(၁၉၃၉) ခုနှစ် တွင် ပထမဆုံးအကြိမ် တရားဝင်ကျင်းပရသည်။ ခရစ်ယာန်များတက် ကြွစွာ ကျင်းပကြသော်လည်း ဗုဒ္ဓဘာသာ နှင့် နတ်စားအချို့ လက်မခံဘဲ ဘိုးဘွားဘီဘင် လက်ထက်က တွက်ဆကြသည့် အတိုင်း တပို့တွဲလဆန်း (၁) ရက်နေ့ တွင် ကျင်းပကြသည်။ သူတို့တွက်ဆကြသည်မှာ ပြာသိုလ သည် ကရင် (လါပျူၤ) လဖြစ်သည်။ လုပ်ငန်းကိုင်ငန်းများ နှင့် မကိုက် ညီ ဟုလည်း အကြောင်းပြသည်။



၁၉၅၅ ခုနှစ် KRC အမြဲတမ်းကော်မတီ မိုးရာသီ စည်းဝေးပွဲတွင် မူးဆိုးကော်ကဆာမှ ဦးစီးပြီး ကရင်နှစ်သစ် ကူးနေ့ ဟု ပြန်ပြောင်းသတ်မှတ် သည်။

အကြောင်းပြချက်–ပြာသိုလည် (လါပျူၤ) လသာဖြစ်သည်။

(၁) ဘိုးဘွားယဉ်ကျေးမှုကို ထိန်းသိမ်းသည့် ကရင်ရှေးလူ ကြီး များက သလေ လကို တပို့တွဲလဟု ယူဆခြင်း။

(၂) ကရင်များသည် မွန်ကိုးရီးယားမှ တရုတ်ပြည် ယူနန် ကို ဖြစ်၍ မြန်မာ ပြည်သို့ရာက်သည်။ တရုတ်နှစ်စ်ကူးနေ့သည် အများအားဖြင့် တပို့တွဲလ ဆန်း (၁) ရက်၊ ထို့အပြင် ဗီယက် နမ်၊ ကမ္ဘောဒီးယား၊ လော အမျိုးသားများ နှစ်သစ်ကူးနေ့သည် တပို့ တွဲ လဆန်း (၁) ရက်ဖြစ်ခြင်း။

(၃) ကရင်နှစ်သစ်ကူးနေ့ကို ပြာသိုလဆန်း (၁) ရက်နေ့ယူပါက



ကမ္ဘာပြ ကွဒိန်တနှစ်နှစ်တွင် (ဥပမာ–၁၉၈၀) ကရင်နှစ်သစ် ကူး တစ်ကြိမ်ကြိမ်မှ မရှိဘဲ (၁၉၈၁) တွင်၊ ကရင်နှစ်သစ် ကူး (၂) ကြိမ် ရှိနေခြင်း။ ၁၉၈၁ ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့ ဒီဇင်ဘာ (၂၆) နေ့မှာကရင်နှစ်သစ်ကူးနေ့ဖြစ်သည်။ တပို့တွဲ လ ဆန်း (၁) ရက်ကို ယူပါက တနှစ်တကြိမ်သာရှိသည်။

(၄) ၁၉၇၀ ခုနှစ် အမျိုးသားကွန်ကရက်တွင် အမျိုးသားစည်း လုံးညီညွတ်ရေးကို ထိန်းသိမ်းရန်၊ မူလ ကရင် အမျိုးသား ခေါင်းဆောင်များ သတ်မှတ်ထားသည့် ပြာသိုလဆန်း (၁) ရက်ကို ပြန်လည်သတ်မှတ်သည်။ ယခုအခါ မြို့တွင်းများ (ရန်ကုန် အပါအဝင်) နှင့် တောနယ်များ အထူးသဖြင့် မြစ်ဝ ကျွန်း ပေါ်ဒေသတွင် ကရင်နှစ်သစ်ကူးနေ့ကို ပြာသိုလဆန်း (၁) ရက်နေ့ နှင့် တပို့တွဲလဆန်း (၁) ရက်နေ့ဟူ၍ နေ့ (၂) မျိုးဖြစ် လေသည်။





# ကရင်အမျိုးသား နှစ်သစ်ကူးနေ့

## ကညီနံၣ်ထီၣ်သီ

### သလေလဆန်း (၁) ရက်နေ့



ကရင်သည် လူမျိုးတစ်မျိုး ဖြစ်သည်။ လူမျိုးတစ်မျိုးမှ ရှိသည့် အင်္ဂလက္ခဏာရပ်များမှာ

(၁) တူညီသော ပြောဆိုသည့် ဘာသာစကား

(၂) တူညီသောသမိုင်း၊

(၃) တူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံ၊

(၄) တူညီသော နေထိုင်ရာနယ်မြေ၊

(၅) တူညီသော စီးပွားရေးစနစ်များဖြစ်သည်။

ကရင်အမျိုးသားများသည် လူမျိုးတမျိုးဖြစ်သည့်အား လျော်စွာသီးခြားယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသည်။ ခေတ်အ ဆက်ဆက် ပဒေသရာဇ် ကောရာဇ်မြေရှင်များ၏၊ ဖိနှိပ်ကျွန်ပြုမှု များကြောင့် ကရင့်အမျိုးသားများ၏ ဓလေ့ထုံးစံ အတော်ပင် ပျောက်သွားသော်လည်း ကရင်နှစ် ကရင်လ ကရင်နှစ်သစ်ကူး စသည့်ဓလေ့ထုံးစံများကို ထိမ်းသိမ်းနိုင်ခဲ့သည်။ မြေယာလုပ်

ငန်းများကို လုပ်ကိုင်သူများဖြစ်သည့် အလျောက် လ များကို မိမိတို့လုပ်ကိုင်သည့် ရာသီအလိုက် အလုပ်များအပေါ်အမှီ ပြု ခေါ် ဆိုသည်ကို တွေ့ရသည်။

(၁) သလ့ၤ-ဃုဒူလ့ၤသ့ဉ် (နှစ်တောင်ယာအတွက် ရာဖွေ၊ ခါး သွေး ကျောက်ချသည့်လ)။

(၂) ထ့ကူဉ်- တောင်ယာခုတ်သည့်လ (ထ့ဖဲး) ဟုလည်း ခေါ် သည်။

(၃) သ့ကီး- အချို့က (သၢကီး) တတိယ နှင့် ခုတ်ချသည့် အ ပင် များနေ လှမ်းသည့်လ။

(၄) လါချံ- မျိုးစေ့များ စိုက်သည့်လ။

(၅) ဒ့ဉ်ညါ-ဒ့ဉ်ညါ (Lily) ပွင့်ဖူးသည့်လ။

(၆) လါခူး- စိုက်ခဲ့သည့် တောင်ယာစပါးများ ပေါက်၍လန်း ဆန်းလာသည်။ အချို့များက (လါယု) (ခြောက်) ကို ကာ လရွေ့လျော၍ ခု ဖြစ် သွားသည်။ အချို့များက ဤ(လားခု) မရှိပေ။

(၇) လါနွံ- (၇)လ ပြောင်းပင်များ မှတ်ဆိတ်ကျသောလ။

(၈) လါဃိး- (၈)လ၊အချို့များက (လာဃိ) ပြောင်းဖူးဖုတ် စား သည့်လ။

(၉) လါခူး- (၉)လ (ခွံ) ကို ကာလရွေ့လျော၍ (ခူ- ခူး) ဖြစ် သွားသည်အချို့များက (တခူး) (ဖွတ်)ကျသောလလည်း ခေါ်သည်။

(၁၀) ဆ့းမု- မိုးကုန်ခါနီး နေကို နေ့အချိန်စတွေ့လာသော လ။

(၁၁) ဆံးဆ့ဉ်- ညအချိန် ကြယ်များကောင်းစွာပေါ်သောလ။

(၁၂) လါနီ- နှမ်း (နံဉ်သိဒီးနီပှၤထါဖှိဉ်ကၤအလါ)

(၁၃) လါပျု- နံဉ်ကတၢၢ် ပှၤဟူထိဉ်မိၤထိဉ်ပျုၤလါ တၢ်ဒုဉ် တၢ်ထုလါ

လါအိဉ် (၁၃) လါ ဘဉ်ဆဉ် ကညီမၤထါထိဉ်ချံလီၤ



ညါ (နှစ် ထပ်နှစ်ကြီး) တွင် လါချံဒီးဒ့ဉ်ညါ (၂) လပြည့်စီရှိ၍ ရိုးရိုးနှစ်များတွင် ပထမ လဝက်တွင် (လါချံ) လဆုတ်တွင် (ဒ့ဉ်ညါ) ဟုသတ်မှတ်သည်။ အ ချို့များက (လါခူး) ၆- တလကို မထားဘဲ တနှစ် (၁၂) လသာရှိသည်ဟု ဖေါ်ပြသည်။ လ၏ အမည်ကို ကြည့်ခြင်းအားဖြင့် တနှစ် (၁၃) လ ပိုမှန် မည် ဖြစ်သည်။ နှစ်ကြီးများတွင် (လါခူး) ကိုထားခဲ့ပြီး ရိုးရိုးနှစ် များတွင် (လါခူး) ကိုမထည့်သူများလည်းရှိသည်။

ထိုနည်းစွာ နေ့အမည်များ၊ ကရင်လိုမည့်ခေါ်ကြသည်။ လနှင့် နေ့များ အမည်ကို ယခင်ကရင်သတင်းစာများဖြစ်သည့် (ဆၣ်ဂံၢ်-ဆဉ် တူဉ်ဟါ) များ၌ စောစွာကတည်းက တည် ရှိသည်။ (သလ့ၤ) လသည် ပထမ လဖြစ်၍ နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်တိုင်း နှစ်သစ်ကူးနေ့ကို ကျင်းပသည့် အလေ့အထရှိခဲ့သည်။ ဖါပွန်ရှိုင် (ယခင်- သံလွင်ခရိုင်) အရေးပိုင်သည် ကရင်များ၏ နှစ်သစ်ကူးနေ့ကို အသိအမှတ်ပြု ၍ ဖါ ပွန်ခရိုင်အတွင်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပြုလုပ်ခဲ့သည်။ မြန်မာပြည်၊ အိန္ဒိ ယပြည်နှင့် ခွဲသည့် (၁၉၃၇) ခုနှစ်တွင် ကရင်အမျိုးသားများလည်း ဟိုစဉ် အခါ ဒေါကလုခေါ် (KNA) မှ ကရင့်အခွင့်အရေးများကို စတင်တောင်းဆိုခဲ့ သည်။ ကရင်နှစ်သစ်ကူးနေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန်ဖြစ်သည်။





(၁) ကရင်နှစ်သစ်ကူးနေ့ကို ကရင်လို (သလ့ၤ) လဆန်း (၁) ရက်နေ့ကို အားလုံးသဘောတူကြသည်။

(၂) (သလ့ၤ) လ (၁) ရက်သည် မြန်မာသက္ကရာဇ်အားဖြင့်ဘာနေ့လဲပြဿနာမှာ အငြင်းပွားကြသည်။ ထိုစဉ်အခါ ဖါပွန်ဘက်တွင် ကရင်ပြက္ခဒိန်နှင့်တခုမှာ စောရွှေမောင် (မင်းနန်းနွယ်- ဗုဒ္ဓဘာသာ) မှထုတ်သော ပြက္ခဒိန်ဖြစ်သည်။ လွှတ်တော်ကရင်အမတ်များထဲမှ ခရစ်ယာန်အများစုဖြစ်သည် ကတကြောင်း လွှတ်တော်သို့တင်ဖို့ရက်သည် ကပ်နေသည်က တကြောင်း၊ ထို့ကြောင့် သုတေသန တိကျစွာ မလုပ်တော့ဘဲ (ဖူးယာနေး)၏ပြက္ခဒိန်ကိုယူ၍ (သလ့ၤ) သည်ပြာသိုလဖြစ်သည်ကိုတော့ အတည်ပြု ပြီး စောရွှေမောင်၏ (သလ့ၤ) လသည် တပို့တွဲလ ဖြစ်သည်ကို ပယ်လေ သည်။

၃. ကရင်သက္ကရာဇ် ဘယ်နှစ်ကစယူသလဲ ပြဿနာမှာအတော် အငြင်းပွားခဲ့သည်။ အချို့များကခရစ်အတိုင်း၊ အချို့က ကမ္ဘာနှစ် (ခရစ်နှစ်- ၄၀၀၀)၊ အချို့က ကိုသာဖြူ ခရစ်ယာန် စတင်ယုံကြည်လက်ခံသည့်နှစ်၊ နောက်ဆုံး တွင် ကရင်အမျိုးသားများ မြန်မာပြည်သို့ စရောက်သည့်နှစ်မှအစပြု၍ အားလုံးသဘောတူကြသည်။ ထို့ကြောင့် ကရင်နှစ်သစ်ကူးနေ့သည် (ဘီစီ - ၇၃၉) ခရစ်မပေါ်မီ (၇၃၉) ခုနှစ်မှ အစပြုရေတွက်သည်။

(၄) လွှတ်တော်တွင် နှစ်သစ်ကူးနေ့ကို အသိအမှတ်ပြုရန် တင်သွင်းသည့် ကရင်အမတ်မှာ စောဂျွန်ဆင်ဒီဖိုးမင်း နောက်တွင် ဖူးတာမူး ဖြစ်သွား သည်။

(၅) ကရင်လွှတ်တော် အမတ်များအားလုံး ကန့်ကွက်သူ မရှိ၊ ထောက်ခံကြသည်သာမကအခြားအမတ်များအားလုံးထောက်ခံသဖြင့် ကရင်နှစ်သစ် ကူးနေ့သည် ကရင်အမျိုးသားများ အတွက် သာမက မြန်မာတပြည်လုံးအ တွက် ရုံးပိတ်ရက်ကြီးလည်း ဖြစ်သည်။

(၆) ကရင်နှစ်သစ်ကူးနေ့ကို ကရင်အမျိုးသားများအနေနှင့်